# Highlights from DVB Debate's Consumer Rights

## September 10, 2016

## "What are our Consumer Rights?"

"စားသုံးသူအခွင့်အရေးဆိုတာမှာ ကုလသမဂ္ဂက သတ်မှတ်ထားတဲ့ အချက် ၈ ချက်ရှိတယ်။ စားသုံးသူတွေရဲ့ အခြေခံလိုအပ်ချက်တွေ ရဖို့၊ ဘေးကင်းလုံခြုံမှုရဖို့၊ စားသုံးသူ မကျေနပ်တာတွေကို တိုင်ကြားတာ၊ ဝန်ဆောင်မှုပေးသူက လျော်ပေးတဲ့ အလျော်အစား ခံစားပိုင်ခွင့်တွေ၊ စားသုံးသူပညာရေး လွတ်လပ်စွာရရှိခွင့်တွေ၊ ကျန်းမာစွာ နေထိုင်ခွင့်တွေ ပါပါတယ်"

ဦးမောင်မောင် - မြန်မာစားသုံးသူများသမဂ္ဂ အတွင်းရေးမှူး

---

"လူထုရဲ့ ၈၀ ရာခိုင်နှုန်း သုံးစွဲသူ လူထုဟာ လုံခြုံစိတ်ချရတဲ့ အခြေအနေ စားသုံးခွင့်ကို ရရှိမနေဘူး"

ဦးခင်စိုး - ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း

---

"ပစ္စည်းတခု စံချိန်စံညွှန်းနဲ့ပတ်သက်လို့ သက်ဆိုင်တဲ့ ကျွမ်းကျင်ဌာနက စစ်ဆေးပြီးမှ သက်ဆိုင်ရာ ဝန်ကြီးဌာနဆိုင်ရာ ဥပဒေနဲ့ အရေးယူ မလားပေ့ါ၊ ဒါမှမဟုတ် ကျနော်တို့ စားသုံးသူကာကွယ်ပေးရေးဥပဒေနဲ့ အရေးယူရမလား ကြည့်ရပါတယ်"

ဦးစိုးအောင် - ဒုတိယညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန(စီးပွားကူးသန်းဝန်ကြီးဌာန)

"တိုင်ကြားမှုရှိမှ အရေးယူမယ်ဆိုရင်တော့ သာမန်ပြည်သူလူထုအနေနဲ့ သက်သေတွေနဲ့ တိုင်ကြားကြဖို့ဆိုတာ ခက်ခဲပါတယ်။ တနိုင်ငံလုံးအနေနဲ့ စုံစမ်းဖော်ထုတ်ဖို့ တာဝန်ရှိတာက FDA သက်ဆိုင်ရာ အောက်ခြေမြို့နယ်တွေမှာ တာဝန်ရှိတာက ကျန်းမာရေးဝန်ကြီးဌာနက ဖွဲ့ထားတဲ့ မြို့နယ်အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတွေ ဒါပေမယ့် အဲ ကော်မတီတွေက အသေတွေ ဘာမှ အသက်မဝင်ဘူး ဖွဲ့ထားတာ နှစ်ပေါင်းများစွာကြာနေပြီ။"

ဒေါက်တာ ကျော်ဆွေ - မုန့်တိုက်ပွဲလှုပ်ရှားမှု ဦးဆောင်လှုပ်ရှားသူ

---

"၁၉၉၇ ခုနှစ်ကတည်းက စားသုံးဆီမလုံလောက်လို့ ဆိုပြီး တန် ၇၀၀၀ စသွင်းတယ်. အခုထိလည်း လုံလောက်အောင် မထုတ်ဘဲ သွင်းနေတုန်း ဝယ်စားမလား ပြည်တွင်းကနေ ထုတ်စားမလား မေးချင်တယ်။ ပြ ပြည်တွင်း လုပ်ငန်းရှင်တွေက နည်းနည်းလေးထုတ်တာနဲ့ပဲ မရရအောင် ရပ်တည်ရင်းနဲ့ ရောနှောရောင်းရတဲ့ ဘဝတွေရောက်ရော။"

ဦးခင်စိုး - ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း

---

"ဆေးတင်သွင်းမှုနဲ့ ပတ်သက်လို့ စစ်တဲ့အပိုင်းက စစ်သလောက် မစစ်နိုင်တဲ့ အပိုင်းတွေကလည်း ဝင်လာနေတာရှိတယ်။ ဆရာဝန်တွေကိုယ်တိုင်မှာ ဒီဆေးတွေပဲ မလွှဲမရှောင်သာ သုံးစွဲနေရတော့ လူနာတွေဆို ရွေးချယ်စရာကို မရှိတော့ဘူး"

ဦးမောင်မောင် - မြန်မာစားသုံးသူများသမဂ္ဂ အတွင်းရေးမှူး

---

"ကုန်ပစ္စည်း ထုပ်ပိုးမှုစနစ်တွေ အညွှန်းကပ်တဲ့စနစ်တွေ သေချာ စနစ်တကျ လုပ်ဖို့လည်း လိုတယ်။ label မှာ ပါဝင်ပစ္စည်းတွေကို တာဝန်ယူမှု တာဝန်ခံမှုရှိရှိ ဖော်ပြထား၊ သက်တမ်းလွန်မယ့်နေ့တွေဘာတွေ စနစ်တကျ နောက် အညွှန်းစာကိုလည်း လူတိုင်းနားလည်မယ့် အင်္ဂလိပ်စာနဲ့မဟုတ်ဘဲ မြန်မာလိုပါ ဖော်ပြပေးထားရမယ်"

ဦးခင်စိုး - ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း

---

"FDA ကို တခုထောက်ပြချင်တာက လတ်တလော ဥပမာတခုပေါ့ ဦးဦးခေါက်ဆွဲမှာ ဆိုးဆေးတွေပါလို့ ဆိုပြီး ရောင်းတဲ့ ဆိုင်တွေကနေ ကျနော်တို့ကို သိမ်းခိုင်းတယ်. ဈေးသည်ကလဲ ပိုက်ဆံနဲ့ ပေးဝယ်ထားတာလေ ဆိုးဆေးပါတာတွေ ဘာတွေ သူတို့မသိဘူး။ အမှန် ဖြစ်သင့်တာက ထုတ်လုပ်တဲ့ လုပ်ငန်းရှင်ကို အရေးယူ သူတို့ကို သူတို့ပစ္စည်းပြန်သိမ်းတာ လျော်ကြေးပေးခိုင်းတာမျိုး လုပ်ရမှာ"

ဒေါက်တာ ကျော်ဆွေ - မုန့်တိုက်ပွဲလုပ်ရှားမှု ဦးဆောင်လှုပ်ရှားသူ

---